# (၁၈၈၅–၁၉၄၁)ခုနှစ်အတွင်းပေါ်ပေါက်ခဲ့သော
# မြန်မာတေးသီချင်းများကိုစာပေရှုထောင့်မှလေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မသူဇာအေး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

# နိဒါန်း

စာပေ၊ဂီတသဘင် စသောအနုပညာတို့သည် တိုင်းပြည်တည်ဆောက်ရေး၌ စည်းရုံးရေးလက်နက်ကောင်း များ ဖြစ်ကြပါသည်။ စာပေတည်းဟူသောအနုပညာလက်နက်သည် လူတို့၏အသိဉာဏ်ကိုထက်မြက်စေသည်။ဗဟုသုတ အလိမ္မာကိုတိုးပွားစေသည်။အမှားနှင့်အမှန်ကို ကွဲပြားစေသည်။

တေးဂီတသည် လူတို့၏စိတ်နှလုံးကိုစည်းရုံးဆွဲဆောင်နိုင်သော အနုပညာတစ်ရပ် ဖြစ်သည်၊ လောကအလှကိုလည်းသရုပ်ပြသည်။ ဘဝကိုဖော်ကျူးသည်၊ နိုင်ငံနှင့်လူမျိုး၏ သမိုင်းဖြစ်စဉ်ကိုလည်း ထင်ဟပ်ပြသည်။ တေးဂီတဖြင့်လူတို့၏စိတ်ကို သိမ်မွေ့စေသည်၊တက်ကြွစိတ်များဖြစ်စေသည်။ ဘာသာတရားကိုကိုင်းရှိုင်းစေသည်။ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်များ ဖြစ်ပေါ်စေသည်။ တေးဂီတသည် လူတို့၏သောတအာရုံကိုဖျော်ဖြေသော သာယာမှုသက်သက်ကိုပေးရုံသာမက လူတို့၏စိတ်ကိုနိုးကြား တက်ကြွလာအောင်လည်း လှုံ့ဆော် ပေးနိုင်စွမ်းရှိပါသည်။

ထိုသို့လှုံ့ဆော်ပေးနိုင်ခြင်းမှာ ဂီတသည် လူတို့၏ခံစားမှုကို ဖော်ပြသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တေးဂီတဖန်တီးသူတို့သည် မိမိတို့၏ခံစားချက်များကို အရင်း ခံကာ ခေတ်ကာလဝန်းကျင်အခြေအနေ၊ ဘဝအတွေ့အကြုံတို့ကို ထင်ဟပ်ပြီးရေးဖွဲ့ ဖန်တီးခဲ့ကြပါသည်။ တေးဂီတ သီချင်းတို့ ရေးဖွဲ့ရာတွင် စာပေကိုအခြေခံကာ ရေးဖွဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ ပို့၊ မော်ကွန်း၊ ရွေး၊ လင်္ကာစသော စာပေအမျိုးအစားများမှ စာပေအရေးအဖွဲ့များကို လေ့လာသုံးသပ်ကြသကဲ့သို့ တေးသီချင်းများမှ တေးစာသားအဖွဲ့များကိုလည်း စာပေရှုထောင့်မှ လေ့လာမှုသည်လည်း အရေးပါသည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ၁၈၈၅–၁၉၄၅ ခုနှစ်အတွင်းပေါ်ပေါက်ခဲ့သော မြန်မာတေးသီချင်းများကို ဗုဒ္ဓဝင် ၊ ဇာတက ၊ ဓမ္မတေးသီချင်းများ ကျေးလက်ဓလေ့သဘာဝတေးသီချင်းများ၊ ရာသီဘွဲ့တေးသီချင်းများ ၊ အချစ်မေတ္တာဘွဲ့တေးသီချင်းများ ဇာတိမာန်တေးသီချင်းများ ၊ အထွေထွေတေးသီချင်းများဟူ၍ အမျိုးအစား တူရာစု၍ ခွဲခြားလေ့လာတင်ပြထားပါသည်။ဇာတိမာန် တေးသီချင်းများမှ လွဲ၍ ကျန်တေးသီချင်းအမျိုးအစားများ၏ ရေးဖွဲ့ပုံ ခြုံငုံလေ့လာတင်ပြထားပြီး ဇာတိမာန်တေးသီချင်းများကိုမူ စာပေရှုထောင့်မှလေ့လာခြင်းဟူသော ခေါင်းစဉ်ဖြင့် လေ့လာတင်ပြထားပါသည်။

ဇာတိမာန်တေးသီချင်းများကို စာပေရှုထောင့်မှ လေ့လာတင်ပြရာတွင် ဇာတိမာန်၏အဓိပ္ပာယ်၊

မြန်မာတို့၏ ဇာတိမာန်၊ ဇာတိမာန် တေးသီချင်းတို့၏ အဓိပ္ပာယ်၊ဇာတိမာန် တေးသီချင်းအမျိုးအစားများ စသည်တို့ကို လေ့လာဖော်ပြထားပါသည်။ ဇာတိမာန်တေးသီချင်းများကိုမူ အမျိုးအစားတူရာ စုပြီး ပါတော်မူတေးသီချင်းများ၊ ကိုယ့်မင်းကိုယ့်ချင်းဘဝကို တမ်းတသော တေးသီချင်းများ၊ သမိုင်းနောက်ခံ တေးသီချင်းများ၊ ဝံသာနုစိတ်ဓာတ်ကို နှိုးဆော်ပေးသော တေးသီချင်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှု တေးသီချင်းများဟူ၍ အမျိုးအစားများခွဲကာ အမျိုးအစားတစ်မျိုးစီအလိုက် အကြောင်းအရာပိုင်းမှ လေ့လာတင်ပြ ပါမည်။

ဇာတိမာန်တေးသီချင်းများကို ရေးဖွဲ့ထားသော တေးစာသားအဖွဲ့အနွဲ့တို့သည် နားဆင်ရသူတို့အား မျိုးချစ်စိတ် နှင့် ဇာတိမာန်ကို ထက်သန်စေခြင်း၊ မိမိအမျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပေါ်ပေါက်စေခြင်း၊ ဆုံးရှုံးသွား သော လွတ်လပ်ရေးကို ပြန်လည်ရယူချင်စိတ်များ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနိုင်ခြင်း၊ ဝံသာနုရက္ခိတစိတ်ဓာတ်များ ခိုင်မာလာစေခြင်း စသော စွမ်းရည်များဖြင့် ပြည့်စုံသောကြောင့် ကျမ်းတစ်စောင်တစ်ဖွဲ့အဖြစ် ပြုစုရခြင်းဖြစ်ပါသည်။

သို့သော် ၁၈၈၅–၁၉၄၁ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော မြန်မာတေးသီချင်းများမှာ ပုဒ်ရေအားဖြင့် များပြားလှသောကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို များစွာ အထောက်အကူပြုခဲ့သော ဇာတိမာန်နှင့်မျိုးချစ်စိတ်ကို လှုံ့ဆော်ပေးနိုင်ခဲ့သည်။ ဇာတိမာန်တေးသီချင်းများကိုသာ စာပေရှုထောင့်မှလေ့လာတင်ပြထားပါသည်။ ဂီတနှင့်ပတ်သက်သော တေးသီချင်းသံစဉ်ပိုင်းကိုမူ လေ့လာတင်ပြထားခြင်းမရှိပါ။

အလေ့လာခံတေးသီချင်းများမှ တေးစာသားတို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ချိခဲ့သော 'တေးရေး ပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ အတွဲ(၁)မှ အတွဲ(၇)ထိ ကိုသန်းလှိုင်၏ ပထမခေတ်ဟောင်း တေးသီချင်းပေါင်းချုပ်တို့ကို ပင်တိုင်ထားပြီး လေ့လာပါသည်။

ဤသို့၁၈၈၅–၁၉၄၁ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော တေးသီချင်းများမှ ဇာတိမာန် တေးသီချင်းများကို စာပေ ရှုထောင့်မှနေ၍ ကျမ်းတစ်စောင်တစ်ဖွဲ့အဖြစ် လေ့လာခြင်းအားဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုဂီတစာပေ ဖြစ်ပေါ်ရေးနှင့် မြန်မာစာပေလေ့လာမှုနယ်ပယ်တွင် အတန်အသင့် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ယုံကြည်မိ ပါသည်။